
လောကသစ္စာ
စာပေတိုက်

အရှုံးကို လက်မခံသေးသမျှ
ကာလပတ်လုံး သင့်မှာ
အောင်မြင်ဖို့ ၉၀%(ရာခိုင်နှုန်း)
ရှိပါသေးတယ်



# အရှုံးကို
# လက်မခံလိုက်ပါနဲ့

လောကသစ္စာ

# အရှုံးကို လက်မခံလိုက်ပါနဲ့
# လောကသစ္စာ
## ရင်ဖွင့်စကား

ဖတ်ဖူးတဲ့ စာအုပ်ကလေးတစ်အုပ်ထဲက အကြောင်းအရာလေးတစ်ခုကိုပဲ အရင်စပြောပါရစေ...။

"လောကကြီးမှာ မဖြစ်နိုင်တာတွေကို အများဆုံးပြောတဲ့ ပုဂ္ဂိုလ်တွေဟာ တက်ကျမ်း ဆရာတွေပဲ" တဲ့။

(၁)နှစ်အတွင်း ချမ်းသာနည်းတို့ (၅)နှစ်အတွင်း သူဌေးဖြစ်နည်း တို့ဆိုတဲ့ ခေါင်းစဉ်တွေနဲ့ ပလူပျံအောင် ထွက်နေတဲ့ တက်ကျမ်းစာအုပ်တွေက သက်သေပါပဲ။

စာအုပ်တွေကတော့ ဖတ်လို့ကောင်းပါရဲ့ ဒါပေမဲ့ အဲဒီ စာအုပ်တွေထဲက အတိုင်းကို လိုက်နာနိုင်သူ မရှိသလောက်ပါပဲ.... တဲ့။

ဟုတ်ပါတယ်။ တကယ်တော့ လူတိုင်းနီးပါး ချမ်းသာချင်ကြတဲ့ လူတွေ ချည်းပါပဲ။

လူဆိုတာ အနည်းနဲ့အများဆိုသလို ကိုယ့်ကိုယ်ကိုယ် တည်ဆောက် နေကြသူတွေချည်း ပဲလေ။

ဒီလို တည်ဆောက်နေကြရတဲ့ သူတွေမှာ အခက်အခဲ ပြဿနာ ကျရှုံးမှုဆို တာတော့ ရှိကြမှာပါပဲ။ ဒါ နိယာမပါ။

ဘဝရဲ့ ရည်မှန်းချက်ထားတဲ့ ပန်းတိုင်ကို ရောက်ဖို့အတွက် ဒါမျိုးတွေကို

တော့ ကြံ့ကြံ့ခံနိုင်ရမယ်။ သတ္တိ၊ ဇွဲ၊ လုံ့လ၊ ဝီရိယ၊ စိတ်ဓာတ် ခိုင်မာဖို့ စိတ်ခွန်အားတွေ ရှိရပါမယ်။

ဒါကြောင့် ကျွန်တော်ရေးတာ တကျကျမ်း မဟုတ်ပါဘူး။ ကြီးပွားချမ်းသာအောင်မြင်လာအောင်လည်း ဦးဖွဲ့ဆိုပြီး မန်းမှုတ် မပေးနိုင်ပါဘူး။

ထိပေါက်သူတွေ၊ ကောက်ရသူတွေ၊ အမွေရသူတွေ ဒါမှမဟုတ် တစ်နည်းနည်းနဲ့ အချိုကြီး ရထားသူတွေတောင် နည်းလမ်းမကောင်းရင် ထီးထမ်းရောင်းရတဲ့ ဘဝမျိုး ရောက်တတ်ပါတယ်။ ဒါကြောင့်…

နည်းလမ်းလေး ပေးထားတာပါ။

မေ့လျော့နေခဲ့ရင်လည်း သတိပေးတာပါ။

လိုချင်ရင်ယူပါ။

မလိုချင်ရင်တော့ သဘောပါပဲနော်…။

အပျင်းပြေမလေး ဖတ်ပေးတယ်ဆိုရင်ပဲ ကျေးဇူးတင်ပါတယ်။

ချစ်ခြင်းအားဖြင့်

လောကသစ္စာ

၁၉၇၉၈၃၁၅၈၈၂

***

စေတနာစကား

ကျွန်တော်လဲကျခဲ့ဖူးပါတယ်။ လဲကျတာမှ စုတ်ပြတ်သွားအောင်ဖြစ်ခဲ့တာ…။ ဒါပေမဲ့ …

ဒီ.. အဆိုအမိန့်တွေ၊ ဒီ.. ဒဿနတွေကို ဖတ်ပြီး ခွန်အားတွေနဲ့ ဘဝကို

ပြန်ထခဲ့ရတာပါ။ ဒါကြောင့်လည်းကျွန်တော့်လိုမျိုးဘဝ မဖြစ်စေချင်တဲ့ စေတနာနဲ့ မျှဝေတာပါ။ လဲကျတယ်ဆိုတာ…. ကိုယ့် အားနည်းချက်၊ ကိုယ့် လိုအပ်ချက်….. ကိုယ့်ရဲ့လွဲမှားမှု တစ်ခုခုကြောင့်ပါ။

ပြန်မထရင်တော့ ကျရှုံးသွားမှာပါပဲ။

မကြောက်ပါနဲ့မိတ်ဆွေ… လူတိုင်းလည်း လဲကျဖူးတယ်။

ဒါကြောင့်

လဲကျရင်.. ပြန်ထ မရ ရအောင်ပြန်ထ။

ကုန်း … ရုန်း… ထ

လုံးဝ မလျှော့နဲ့

ချစ်ခြင်းအားဖြင့်

လောကသစ္စာ

၁၉၇၉၈၃၁၅၈၈၂

***

**အရှုံးနဲ့ စတင်ပြီးမှ**

**သင်ခန်းစာရတာ မဟုတ်ပါဘူး။**

**ဘဝမှာ တကယ်ဆို**

**ဘယ်သူမှ မရှုံးကြပါဘူး။**

**စ မွေးဖွားလာကတည်းက**

**ငိုကြွေးတယ်။**

**ကိုယ်လုံးတီးနဲ့လာတယ်။**

**ကဲ...**

**ဘာများပါခဲ့လို့လဲ...။**

***

## အရှုံးကို လက်မခံလိုက်ပါနဲ့

ကျွန်တော်တို့ဟာ အောင်မြင်ချင်တယ်၊ တိုးတက်ချင်တယ်၊ ကြီးပွားချင်တယ်။ ဒါ .... လူတိုင်း ဖြစ်ချင်တဲ့ ဆန္ဒပါ။ ဒါပေမဲ့ ဒီအောင်မြင်မှု တစ်ခုစီကိုပဲ ရှာဖွေပြေးလွှားနေသရွေ့ ကျွန်တော်တို့နဲ့ အောင်မြင်မှုက ဝေးနေဦးမှာပဲဗျ ... ။

ကျွန်တော်တို့ ဖြတ်သန်းခဲ့ရသမျှ ကာလတစ်ခုမှာ လူတွေအများကြီးနဲ့ ဆုံတွေ့ခဲ့ကြဖူးမှာပါ။ ဒီလူတွေထဲမှာ ကျွန်တော်တို့ကို တမ်းတတဲ့သူတွေလည်း ရှိမယ်။ မေ့လွယ်ပျောက်လွယ် ဖြစ်သွားကြသူတွေလည်း ရှိမယ်။

ဘဝဆိုတာ ဒီလိုပါပဲ။ တစ်ခါတလေမှာ ကျွန်တော်တို့ဟာ တစ်စုံတစ်ခုရဲ့ ဖိအားတွေကြောင့် ဖြစ်ဖြစ် ကြောက်စိတ် စိုးရိမ်စိတ်တွေ ဝင်ပြီး ကိုယ့် အစွမ်းအစတွေကို မေ့သွားတတ်ကြတယ်။

ဥပမာ - ကျွန်တော်ခြေတစ်ဖက် ဆူးစူးတယ် ဆိုပါစို့။ ကိုယ်တိုင်နုတ်ရင် လည်း နာကျင်မယ်၊ သူတစ်ပါး နုတ်ပေးလည်း နာကျင်မယ်။ အတူတူပဲ။ နာကျင်ရမှာပဲ။ ဒါပေမဲ့ လူတော်တော်များများဟာ တစ်ပါးသူကို ပိုမျှော်လင့် ကြတယ်။ သူများနုတ်ပေးမှပဲ ဆူးကထွက်ပြီး နာကျင်မှု သက်သာတော့မ လိုလိုပေါ့။

ဒါပေမဲ့ တကယ်တမ်း ဘယ်သူမှ အားကိုးစရာ မရှိတော့ဘူး ဆိုရင်တော့ မဖြစ်မနေဆိုကာမှ ကိုယ့်ဟာကိုယ် နုတ်ယူဖို့ လုပ်ကြတယ်။ ကျွန်တော် ပြောတာ သဘောပေါက်လား မသိဘူး။ ကျွန်တော်တို့ အခက်အခဲနဲ့ ရင်ဆိုင် ရမယ်။ ကျရှုံးမယ်။ အဲဒီအခါမှာ ကျွန်တော်တို့ဟာ ကူညီမဲ့သူရဲ့ လက်တစ် ချောင်းကို မျှော်လင့်မိကြတယ်။

ဘယ်သူမှ မကူတော့... အားကိုးလို့ မရတော့ဘူးဆိုမှ ကိုယ့်ဟာကိုယ် ရုန်း တော့တာ။ ဒီတော့လည်း ပြီးသွားတာပဲ မဟုတ်လား။ ဒါနဲ့များ ဘာလို့ သူများကို ကျွန်တော်တို့ မျှော်လင့်နေဦး မှာလဲ။

ရှုံးတယ်ဆိုတာ ကျွန်တော်တို့ တစ်ယောက်တည်းပဲ ရှိခဲ့တာလား စဉ်းစား ပါ။ ဘယ်အရာကို ရှုံးတာလဲ။ တကယ်ဆို ဘဝမှာ ဘယ်သူမှ မရှုံးကြပါဘူး။ စတင် မွေးဖွားလာတယ်။ ကိုယ်လုံးတီးနဲ့ လာတယ်။ ငိုကြွေးတယ်။ ကဲ... ဘာပါခဲ့လို့လဲ။

အဲဒီ ဘာမှ မပါတဲ့ ဘဝကလာပြီး ကြိုးစားနေကြတာကို မအောင်မြင်ဘူး။ ရှုံးနိမ့်တယ် ဘာညာနဲ့ လျှောက်ပြောနေကြတယ်။ ကျွန်တော်တို့ ကိုယ်လုံးတီးချွတ်ပြီး ငိုကြွေး လျှောက်သွားနေရပြီ ဆိုရင်တောင် လာခါစနဲ့

ယှဉ်ရင် အရင်းပါပဲ။

ကျွန်တော်တို့ ဘာမှ မရှုံးသေးပါဘူး။ ဒါကြောင့် အရှုံးမဲ့အောင်မြင်ဖို့ တိုးတက်ဖို့ ကြီးပွားချမ်းသာဖို့ ကြိုးစားရာမှာ ကျွန်တော်တို့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုနဲ့သာ ကြိုးစားရမှာပါ။ အရှုံးဆိုတာမရှိဘူး။ သဘောပေါက်တယ်နော်။

တချို့ အရာတွေ နားမလည်ရင် ထားလိုက်ပါ။ ကိုယ့်ကိုယ်ကိုယ်တော့ နားလည်နိုင်ရမယ်။ ကျွန်တော်တို့ဘဝအတွက် ကျွန်တော်တို့ လိုအပ်ချက်တွေအတွက် ယုံယုံကြည်ကြည် ကြိုးစားကြည့်စမ်းပါ။

နယ်ပယ်တိုင်းမှာ ယုံကြည်မှုနဲ့ ကြိုးစားရင် လူတိုင်း အောင်မြင်ပါတယ်။ အဲ... ဒါပေမဲ့ စိန်ရွှေရတနာ ရောင်းဝယ်သူရဲ့ အရင်းအနှီးနဲ့ အကျိုးအမြတ်၊ ကွမ်းယာဆိုင်တစ်ခုရဲ့ အရင်းအနှီးနဲ့ အကျိုးအမြတ်တော့ လိုက်မယှဉ်နဲ့ပေါ့။ ဟုတ်ဖူးလား...။

ရှင်းပါတယ်နော်...။

* * *

ဆန္ဒနဲ့ ဘဝတစ်ထပ်ထဲ

မကျနိုင်တဲ့ လောကကြီးထဲ

ချစ်သောသူတွေလည်း

အေးချမ်းကြပါစေ။

မုန်းနေသောသူတွေလည်း

အပူပင်ကင်းကြပါစေလို့

မေတ္တာတွေ မျှဝေလိုက်။

***

ငါသည်သာငါ့ပြိုင်ဘက်

စီးကျလာတဲ့ မျက်ရည်တွေကို ကိုယ့်လက်ဖမိုးနဲ့ လုပ်လိုက်ရတာ "ငါ့အနား ဘယ်သူမှ မရှိလည်းရပါတယ်" ဆိုတဲ့ မာနတွေ ပိုင်ဆိုင်လာတယ်။

ကြိုးစားလာသမျှ အခက်အခဲတွေကို ကိုယ်တစ်ယောက်ထဲ ရင်ဆိုင်ဖြေရှင်းလိုက်ရတာ "ငါ့ကိုယ်ငါသာ အားကိုးရမှာပါလား" ဆိုတဲ့ အသိတရားတွေ ပိုင်ဆိုင်လာတယ်။

မမျှော်လင့်ပဲ ရောက်တာတဲ့ ပြဿနာတွေကို ကိုယ့်ခေါင်းတစ်ခုထဲနဲ့ ဖြေရှင်းလိုက်ရတာ "ငါဖြစ်ရင် ငါသာခံရမှာပါလား" ဆိုတဲ့ ဆင်ခြင်တုံတရားတွေ ပိုင်ဆိုင်လာတယ်။

အဆိုးဆုံးဒုက္ခတွေနဲ့ တွေ့လာတဲ့အခါ ဘယ်သူ့အကူအညီမှ မပါဘဲ ဖြေ

ရှင်းလိုက်ရတာ "ငါရှိမှ ငါ့ကိုယ်ငါ ကယ်တင်နိုင်မှာပါလား"

ဆိုတဲ့ သတ္တိတွေ ပိုင်ဆိုင်လာတယ်။

ကောက်ကျစ်တတ်သူတွေနဲ့ ဆက်ဆံမိတဲ့အခါ ကိုယ်ပိုင်အတွေးတိုင်း ဆုံးဖြတ်ချက်နဲ့ ဖြေရှင်းလိုက်ရတာ "ကိုယ့်ပြဿနာ ကိုယ်ဖြေရှင်းတာ အကောင်းဆုံး" ဆိုတဲ့ ဝေဖန် ပိုင်းခြားနိုင်စွမ်းတွေ ပိုင်ဆိုင်လာတယ်။

ချစ်ရသူရဲ့ ဥပေက္ခာတွေ ရင်ဆိုင်ရတဲ့အခါ တူညီတဲ့ တုံ့ပြန်မှုတွေ မပေးဘဲ ငြိမ်နေလိုက်တာ "သူများကို ချစ်တာထက် ကိုယ့်ကိုယ်ကိုယ် ပိုချစ်သင့်တယ်" ဆိုတဲ့ စစ်မှန်တဲ့ အတွေးအခေါ်တွေ ပိုင်ဆိုင်ခဲ့တယ်။

ကူကယ်သူမရှိ လဲကျနေတဲ့အခါ တစ်ပါးသူတွေရဲ့ အကူအညီတွေမယူဘဲ ပြန်ရုန်းထလိုက်တာ "ကိုယ်သာလျှင် အားကိုးရာ အဖော်စစ်စစ်" ဆိုတဲ့ အားမာန်တွေ တိုးလာစေခဲ့ပါတယ်။

လူရယ်လို့ မွေးဖွားလာတုန်းကလည်း တစ်ယောက်ထဲ သေရင်လည်း တစ်ယောက်ထဲ ရှင်သန်နေချိန်မှာလည်း ကိုယ်ပိုင်တဲ့ဘဝကို အကောင်းဆုံး တည်ဆောက်ဖို့ တစ်ပါးသူတွေရဲ့ အကူအညီ မယူဘဲ ကိုယ့်အားနဲ့ တစ်ယောက်ထဲ တည်ဆောက်တာ အကောင်းဆုံးပဲ အနှောင်အဖွဲ့လည်း ကင်းတယ်။

ကျေးဇူးပါတယ်.. ကူညီမလိုလိုနဲ့ တွန်းချသူတွေရယ်၊ ပြုံးပြသလိုလိုနဲ့ မဲ့နေတဲ့သူတွေရယ်၊ ကြင်နာသလိုလိုနဲ့ ရက်စက်သွားသူတွေရယ်၊ နှစ်သိမ့်သလိုလိုနဲ့ ချောက်တွန်းသွားသူတွေရယ်၊ အကောင်းပြောသလိုနဲ့ မကောင်း ပြောတတ်တဲ့သူတွေရယ်.. ဒီလိုလူတွေကြောင့် ကိုယ့်စိတ်တွေ ခက်ထန်လာခဲ့သလို ဘယ်သူမှ မရှိလည်း ရပ်တည်နိုင်ခဲ့ပါပြီ။

ဆန္ဒနဲ့ ဘဝတစ်ထပ်ထဲ မကျနိုင်တဲ့ လောကကြီးထဲ ချစ်သောသူတွေ

လည်း အေးချမ်းကြပါစေ၊ မုန်းနေသောသူတွေလည်း အပူပင်ကင်းကြပါစေ... လို့ မေတ္တာတွေ မျှဝေလိုက်ချိန်တိုင်း ကိုယ့်ရင်ထဲမှာလည်း အေးချမ်းသလို အနှောင်အဖွဲ့ကင်းကင်းနဲ့ တစ်ယောက်ထဲလည်း နေတတ်ခဲ့ပါတယ်။

***